BURMA NEWS INTERNATIONAL

Myanmar Peace Monitor

# Weekly News Review

Issue 87, January 4 - 10 , 2023



# အရှိန်မြင့်လာသည့် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ

# အရှိန်မြှင့်လာသည့် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ

## နိဒါန်း

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်၊ "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက် ထုတ်ပြန်ချက်" ဟု ဆိုကာ အာဏာသိမ်းစစ်ကောင်စီသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ တစ်နှစ်တာအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ် ချုပ်မှု ဆိုင်ရာကိစ္စများအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ် ချုပ်ရေးဆိုင်ရာ ယန္တရားများ အား နှောင့်ချက်ထိပါး တိုက်ခိုက်ချိန်မှအပ ၎င်းတို့၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်စဲ ထားမည်ဟုကြေညာထားသည်။ သို့သော် ၎င်းတို့၏အပစ်အခတ်ရပ်စဲကြောင်းကြေညာချက် သည် နာရီပိုင်းမျှပင် ကြာရှည်မခံဘဲ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စပြီး ကရင်၊ ကချင်၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မွန်၊ တနင်္သာရီ၊ ရှမ်းတောင်ပိုင်းနှင့် ရန်ကုန်တိုင်းအထိ တိုက်ပွဲများဖြစ်ပွား ခဲ့သည်ကို တွေ့ရပါသည်။ ထူးခြားသည်က အာဏာသိမ်းစစ်ကောင်စီသည် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းကို အားပြုထိုးစစ်ဆင်လာ သည်ကို သတိပြုမိပါသည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor ၏အပတ်စဉ်သတင်းသုံးသပ်ချက်တွင် အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကို အချက်အလက်အခြေပြုကာ လေ့လာတင်ပြသွားပါမည်။

# ၂၀၂၃ ၏ ၁၀ ရက်တာအတွင်း လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များ

ကရင်ပြည်နယ် ဒူးပလာယာခရိုင် ဝင်းရေးမြို့နယ် (ကြာအင်းဆိပ်ကြီးမြို့နယ်) တောင်စွန်းကျေးရွာဘုန်းကြီးကျောင်းပုရဝုဏ်တွင် စခန်းချနေထိုင်သည့် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား အစည်း အရုံး/ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNU/KNLA) တပ်ရင်း ၁၆ တို့အကြား ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ဖြစ်ပွားခဲ့သည့် တိုက်ပွဲအတွင်း စစ် ကောင် စီဘက်မှ စစ်သုံးလေယာဉ်များဖြင့် အကြိမ် ၂၀ ကျော် နေ့စဉ် လာ ရောက်ပုံးကြဲတိုက်ခိုက်သည့်အတွက် တောင်စွန်းရွာ လူနေအိမ် အများအပြားနှင့် ဘာသာရေး အဆောက် အဦးအချို့ မီးလောင်ပြာကျခဲ့ရကြောင်း KIC သတင်းဌာန တွင် ဖော်ပြထားသည်။

> "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်" သည် မြန် မာပြည်သူလူထု တစ်ရပ်လုံးနှင့် နိုင် ငံ တကာအသိုင်းအဝိုင်းတစ်ခုလုံးကိုပါ လိမ်ညာလှည့်ပြားခဲ့ခြင်းဖြစ်ကြောင်း ....

ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့၊ နံနက် ၁၁ နာရီအချိန်တွင်လည်း ကြာအင်း ဆိပ်ကြီးမြို့အနီးရှိ ရာဘာခြံတစ်ခု အပေါ် စစ်ကောင်စီတပ်က လေကြောင်းမှပုံးကြဲတိုက်ခိုက် ခဲ့သဖြင့် ရာဘာခြံအတွင်းရှိ အလုပ်သမားအမျိုးသမီးနှစ်ဦး ကျည်စထိမှန် ဒဏ်ရရှိခဲ့သည်။ ဇန်နဝါရီ ၅ ရက်နေ့ လေကြောင်းမှပုံးကြဲတိုက်ခိုက်မှုကြောင့် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း အရပ်သားပြည်သူ ၁၀ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး သံပရာ၊ တောင်စွန်း၊ ဝင်းခန၊ အနန်းကွင်း၊ ခုံခံ၊ ကျောက်ဘီလူး၊ ကိုရောင်၊ ဆင်ပြေး စသည့် ကျေးရွာများမှ ဒေသခံ ပြည်သူ ၄၀၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်နေ ကြရပါသည်။

KNU တပ်မဟာ (၅) နယ်မြေ၊ ဖာပွန်မြို့နယ် ဒီဘူနိုကျေးရွာ ပေါ်သို့ ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီအချိန်တွင် စစ် ကောင်စီက လေကြောင်းမှပုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ဒေသခံအရပ်သား တစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ နေအိမ် အဆောက်အအုံနှင့် ကား တစ်စီး ပျက်ဆီးဆုံးရှုံးခဲ့ရသည်။

ကချင်လွတ်လပ်ရေးအဖွဲ့၊ ကချင်လွတ်လပ်ရေး တပ် မတော်(KIO/KIA)ထိန်းချုပ်ရာ တပ်မဟာ(၂)နှင့် (၉)နယ်မြေ များ ဖြစ်သော ကချင်–စစ်ကိုင်းနယ်စပ် ခန္တီးဒေသနှင့်


တနိုင်းမြို့နယ် ဟူး ကောင်းချိုင့်ဝှမ်းဒေသအတွင်း ဇန်နဝါရီ ၉ ရက် ညနေ(၆)နာရီခန့်အချိန်တွင် စစ်ကောင်စီက ဂျက်လေယာဉ် (၃) စီးဖြင့် ၃ ကြိမ်ထက် မနည်း လာရောက်ဗုံးကြဲတိုက်ခိုက် ခဲ့သဖြင့် KIO/KIA ဝန်ထမ်း အချို့ထိခိုက်သေဆုံးခဲ့ရကြောင်း ဒေသအခြေစိုက် KNG သတင်း ဌာနက ဆိုပါ သည်။ ထိုနေ့ ညနေ ၄နာရီခန့်ကလည်း ဖားကန့်မြို့နယ် ဆယ်ဇင်းဒေသရှိ KIA တပ်မဟာ (၉)လက်အောက်ခံ တပ် ရင်း ၂၆ တပ်စခန်းနေရာကို စစ်ကောင်စီက ဂျက်လေယာဉ်တစ်စီးဖြင့် ၃ ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု ဆိုပါသည်။

ဇန်နဝါရီ၁၀ရက်ညနေပိုင်းအချိန်တော့အိန္ဒိယ–မြန်မာနယ်စပ်ရှိချင်းအမျိုးသားတပ်ဦး (CNF) ဗဟိုဌာနချုပ်ရှိရာ စခန်းနှင့် မိသားစုအိမ်ယာများကို အာဏာသိမ်းစစ်ကောင်စီက ဂျက်တိုက် လေယာဉ် ငါးစီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သ ဖြင့် CNF/CNA တပ်ဖွဲ့ဝင် ၅ဦး ကျဆုံးခဲ့ရသည်။ ဇန်နဝါရီ ၁၁ ရက် ညနေပိုင်းတွင်လည်း လေ ယာဉ်နှစ်စီးဖြင့် CNF ဌာနချုပ်အနီး လေကြောင်းမှထပ်မံဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့်နေအိမ်အချို့မီးလောင်ခဲ့ရပြီး ဆေးကုသဆောင် ပျက် စီးခဲ့ရပါသည်။


ဆိုရာသော် ၂၀၂၃ တစ်နှစ်ပတ်လုံး စစ်ရေးလှုပ်ရှားမှုများ ရပ် စဲမည်ဟု ကြေညာထားသည့် အာဏာသိမ်းစစ်ကောင်စီ၏ ၂၂ ကြိမ်မြောက် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်" သည်မြန်မာပြည်သူလူထုတစ်ရပ်လုံးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးကိုပါ လိမ်ညာလှည့်ဖြားခဲ့ ခြင်း ဖြစ်ကြောင်း ဆို ခဲ့ ပါ လေကြောင်းမှ ထိုးစစ်ဆင်မှုများက သက်သေပြနေပါသည်။

## လေကြောင်းတိုက်ခိုက်မှုဆိုင်ရာ ကိန်းဂဏန်းများ

မိမိတို့ BNI-Myanmar Peace Monitor ၏မှတ်တမ်းအရ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်သော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အတွင်း အာဏာသိမ်း စစ် ကောင်စီအနေဖြင့် လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ခဲ့သည့် ရက် ပေါင်း ၂၄၅ ရက်အထိ ရှိခဲ့ ပါသည်။ အကြိမ်ရေအားဖြင့်မူ ထောင်နှင့် ချီ၍ ရှိနိုင်သည်ဟု ဆိုရပါမည်။ နေ့ဦးတော်လှန်ရေး၏ ခုခံတော်လှန် စစ်ပြင်းထန်ရာ စစ်ကိုင်းတိုင်းနှင့် KNU ထိန်းချုပ် နယ်မြေများရှိရာ ကရင်ပြည်နယ်သည် လေကြောင်းတိုက်ခိုက်မှုအများဆုံး ခံခဲ့ရသည် ကို တွေ့ရ ပါသည်။





အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းမှ ထိုးစစ်ဆင် တိုက်ခိုက်မှုများကို လေ့လာကြည့်ပါက တိုင်းရင်းသား လက်နက် ကိုင် တော်လှန်ရေးအဖွဲ့(ERO)များ၏ထိန်းချုပ်နယ်မြေများကို အများဆုံးပစ်မှတ်ထားတိုက်ခိုက်သည်ကို တွေ့ ရပါသည်။ ထို့နောက် တွင်မှ အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာများကို ဒုတိယ အများဆုံး ပစ်မှတ်ထားကာ လေ ကြောင်းမှ ဗုံးကြဲတိုက်ခိုက်သည်ကို သတိပြုမိပါသည်။ နောက်ဆုံးတွင်မှ မြို့ပြဒေသလိုက် ပြည်သူ့ကာ ကွယ်ရေးတပ်ဖွဲ့ (PDF/LDF)များကို ပစ်မှတ်ထားကာ လေကြောင်းမှ ထိုးစစ်တိုက်ခိုက်သည်ကို တွေ့ရပါသည်။




စစ်အာဏာသိမ်းကာလအတွင်းစစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ERO များအနက် KNU/KNLA သည် လေကြောင်းတိုက်ခိုက်မှုရက်ပေါင်း ၄၉ ရက်ဖြင့် အများဆုံးကြုံတွေ့ခဲ့ရပါသည်။ ထို့နောက် KIO/KIA သည် စစ်ကောင်စီ၏ လေကြောင်းမှတိုက်ခိုက်ခြင်းကို ၃၂ ရက်ဖြင့် ဒုတိယ အများဆုံး ကြုံ တွေ့ခဲ့ရ ပါသည်။ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင်မှ နှစ်ဖက်ယာယီ အပစ်ရပ်ကြောင်း ကြေညာထားသည့် ရက္ခိုင့် တပ်တော်(AA)၊ ကိုးကန့်တပ်ဖွဲ့(MNDAA)၊ မြောက်ပိုင်း မဟာမိတ်အဖွဲ့(NA-B)၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ(KNPP/KA)၊ ချင်းအမျိုးသား တပ်ဦး (CNF/CAN)နှင့် DKBA တို့သည် စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုများကို အသီးသီး ရင်ဆိုင် ကြုံတွေ့ခဲ့ရသည်ကို တွေ့ရပါသည်။

အရပ်သားပြည်သူများနေထိုင်ရာ ရပ်ရွာများ၊ ERO များ နှင့် PDF/LDF များ အပေါ် စစ်ကောင်စီတပ်၏ ပစ်မှတ်ထား လေကြောင်းတိုက်ခိုက်မှု




စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကို နှစ်အလိုက်၊ လအလိုက်နှိုင်းယှဉ်လေ့ကြည့်ပါက ၂၀၂၁ ခုနှစ်အတွင်း မေလနှင့် ဒီဇင်ဘာလတို့သည် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှု အများဆုံးလများ ဖြစ်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်အတွင်းတွင်မူ နိုဝင်ဘာလသည် လေကြောင်းတိုက်ခိုက်မှုအများဆုံးလ ဖြစ်ခဲ့ပြီး ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများသည် ဒုတိယမြောက် လေကြောင်းတိုက်ခိုက်မှု အများဆုံးလများ ဖြစ်နေသည်ကို တွေ့ရပါသည်။




စစ်အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့သည့် ၂၀၂၁ ခုနှစ် အတွင်း မတ်လမှစတင်ကာ စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှု များကို လစဉ်မြင်တွေ့ခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်းတွင်မူ တစ်နှစ်ပတ်လုံး လစဉ်လတိုင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကို တွေ့ ရှိခဲ့ရပါသည်။ ယခု ၂၀၂၃ ခုနှစ်၏ ပထမဆုံး(၁၀)ရက်အတွင်းတွင်ပင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုရက်ပေါင်း ၁၁ ရက်အထိ ရှိလာပြီဖြစ်သည်။

# သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်ကောင်စီသည် ၎င်းတို့၏ ဟန်ပြငြိမ်းချမ်းရေး တွေ့ဆုံးဆွေးနွေးမှုအခင်းအကျင်းကို ၂၀၂၃ ခုနှစ် တစ်နှစ်တာ အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်ဖြင့် အရောင်တင်ရန် ကြိုးပမ်းနေ သည်။ သို့သော် လက်ရှိနွေဦးတော်လှန်ရေးတွင် အင်တိုက်အားတိုက်လိုက်ပါဆောင်ရွက်နေသော ERO များ၏ ယုံကြည်မှုကို မရရှိ သဖြင့် အ လုပ်မဖြစ်ခဲ့ဟု ဆိုရပါမည်။ ထို့ကြောင့် ဟန်ပြငြိမ်းချမ်းရေး အတွက် လေကြောင်းတိုက်ခိုက်မှုများဖြင့် ဖိအားပေးနေ သလားဟု မေးခွန်းထုတ်ဖွယ် ဖြစ်လာပါသည်။

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ အမြစ် ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်လျှောက်လှမ်းနေကြသော နွေဦးတော် လှန်ရေးအင်အားစုများ၏သက်လုံသည် ပို၍အားကောင်းလာသည်ဟု ဆိုနိုင်ပါသည်။ ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန်စစ် ဆင်နွှဲနေကြသော ERO များအပါအဝင် နွေဦးတော်လှန်ရေး အင်အား စုများ၏ စုစည်းညီညွတ်မှုနှင့် အတွန်းအရှိန်း ဟန်ချက် ညီမှုတို့သည် အာဏာသိမ်းစစ်အုပ်စုအတွက် များစွာ အင်အားချိနဲ့စေပါသည်။ သို့နှင့်တိုင်

ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်ထား သည့် အာဏာသိမ်းစစ်ကောင်စီ၏ နောက်ဆုံးအားပြုရာလေကြောင်းထိုးစစ်သည်မြန်မာနိုင်ငံတဝန်းတောင်တန်းမြေပြန့်ဒေသ မရွေးပုံးကြဲတိုက်ခိုက်နိုင်စွမ်းရှိနေသေးသည်ကို သတိပြုရပါလိမ့်မည်။


၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက စတင်အရှိန်မြှင့်လာသည့် အာဏာသိမ်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ သည် နွေဦးတော်လှန်ရေး အဆုံးအဖြတ်အတွက် သက်ရောက်မှု တစ်စုံတစ်ရာ ရှိလာနိုင်ကြောင်း ရှုမြင်မိပါသည်။ ထို့အတွက် နွေဦးတော်လှန်ရေးကို ထောက်ခံအားပေးနေသော နိုင်ငံတကာအစိုးရ များအနေဖြင့် ထည့်သွင်း စဉ်းစားရပေလိမ့်မည်။ ထို့အတူ နွေဦးတော်လှန်ရေးအင်အားစုများအနေဖြင့်လည်း အရှိန်မြှင့်လာသည့် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများအတွက် အဖြေရှာ ချဉ်းကပ်ရတော့မည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

“အာဏာသိမ်းစစ်ကောင်စီ၏ နောက်ဆုံးအားပြုရာ လေကြောင်းထိုးစစ်သည် မြန်မာနိုင်ငံတဝန်းတောင်တန်း မြေပြန့်ဒေသမရွေးပုံးကြဲ တိုက်ခိုက်နိုင်စွမ်းရှိနေသေး သည်ကိုသတိပြုရပါလိမ့်မည်။”

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏မှတ်တမ်းအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် မှ ဇန်နဝါရီလ ၁၀ ရက် အတွင်း အာဏာသိမ်း စစ်ကောင်စီတပ်နှင့်မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၇ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၂ ရက်အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၂၇ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
၄ - ၁၀ ဇန်နဝါရီ ၂၀၂၃


**187** စစ်ကောင်စီတပ်သားသေဆုံးမှု


**19** ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု

**22** အရပ်သားသေဆုံးမှု




## ဂ၅၀၀ စစ်ဘေးရှောင်အရေအတွက် (၄ – ၁၀ ဇန်နဝါရီ ၂၀၂၃)








# စစ်ကိုင်းတိုင်း

စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာအတွင်းသို့ ဇန်နဝါရီ ၆ ရက်က စစ်ကြောင်းထိုး ဝင်ရောက်လာသော စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် ပျူစောထီးများသည် ကျေးရွာသို့ ခေတ္တရောက်ရှိနေသည့် သီတဂူနာယက အဖွဲ့ဝင် ဆရာတော်အရှင်ဂန္ဓသာရအား သတ်ဖြတ်ခဲ့ပါသည်။ စစ်ကောင်စီတပ်များသည် ရွာအတွင်းလက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်မီးရှို့ခဲ့ပြီး၊ ရွှေဂူကြီးဘုန်းကြီးကျောင်းအတွင်း ဝင်ရောက်ခဲ့ကာ ကျောင်းမြေအောက်ထဲတွင် ပုန်းနေကြသည့် သီတဂူနာယကအဖွဲ့ဝင် ဆရာတော်ကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး၊ ကျောင်းအတွင်း ပုန်းခိုနေသူများအနက် အမျိုးသမီးတစ်ဦးကိုလည်း ပစ်သတ်ခဲ့ပါသည်။ ထို့ပြင် ကျေးရွာအတွင်းရှိ စစ်ကိုင်းခရိုင်တပ်ရင်း (၈) မှ ရဲဘော်ဖိုးတုတ် နှင့် ဒေသခံ ဖြစ်သူ ကိုမျိုးထွန်းတို့ကိုလည်း သတ်ဖြတ်ခဲ့ပါသည်။

ဇန်နဝါရီ ၇ ရက်တွင် ကောလင်းမြို့နယ်၊ ကောလင်း–ဥက္ကံလမ်းမကြီးပေါ်၌ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ရဲဘော် အမျိုးသမီး ၂ဦးသည် လက်လုပ်မိုင်းများ သယ်ဆောင်လာစဉ် စစ်ကောင်စီတပ်နှင့် ထိပ်တိုက်တိုးပြီး တားဆီးစစ်ဆေးသဖြင့် အသေခံပြီး မိုင်းခွဲတိုက်ခိုက်ခဲ့ကြပါသည်။ စစ်ကောင်စီတပ်ဖွဲ့ကို အသေခံမိုင်းခွဲတိုက်ခိုက်ခဲ့သူ ရဲဘော်နှစ်ဦးမှာ မစုစုရည်နှင့် မနှင်းဆီးလှိုင်တို့ဖြစ်ပြီး၊ နှစ်ဦးလုံး ကျဆုံးခဲ့ကြပါသည်။

မင်းကင်း၊ ရွှေဘို၊ ဆားလင်းကြီး၊ ကန့်ဘလူ၊ မုံရွာ၊ ထီးချိုင့် နှင့် ဟုမ္မလင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့်ဒေသခံ PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၄ ဦး သေဆုံးကာ ပြည်သူ့ကာကွယ် ရေးတပ်မှ တစ်ဦး ကျဆုံးခဲ့သည်။ အင်းတော်၊ မြင်းမူ နှင့် ကလေးမြို့နယ်တွင် စစ်ကောင်စီတပ် မိုင်းဆွဲ တိုက်ခိုက်ခံ ရပြီး စစ်ကောင်စီတပ်သား ၂၁ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ကောလင်းမြို့နယ်၊ ကောလင်း–ဥက္ကံလမ်းမကြီး ပေါ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် အမျိုးသမီး ၂ဦးလက်လုပ်မိုင်းများသယ်လာစဉ် စစ်ကောင်စီတပ်၏ စစ်ဆေးခြင်းကို ခံရသဖြင့် အသေခံ မိုင်းခွဲတိုက်ခိုက်ခဲ့ပါသည်။ စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် စစ်ကိုင်း နှင့် ထီးချိုင့် မြို့နယ်များမှ ပြည်သူ ၅ ဦး သေဆုံးခဲ့သည်။ ဆားလင်းကြီးနှင့်ကျွန်းလှမြို့နယ်များတွင်စစ်ကောင်စီတပ်မှ မြေပြင်စစ်ကြောင်းထိုး တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှုများကြောင့်ဒေသခံ၃၁၀၀ကျော်ဘေးလွတ်ရာကိုထွက်ပြေးတိမ်းရှောင်နေရသည်။







# ကချင်ပြည်နယ်

ဖားကန့်မြို့နယ်မှ ဆယ်ဇင်းဒေသခံ စစ်ဘေးရှောင်ဦးရေ ၂၀၀၀ ခန့်သည် ဆေးဝါးအကူအညီများအရေးပေါ် လိုအပ်လျှက်ရှိနေပါသည်။ အဆိုပါ စစ်ဘေးရှောင်များမှာ စစ်ကောင်စီတပ်ထံတွင် လေကြောင်းဖြင့် ပုံးကြဲ တိုက်ခိုက်ခံရပြီး ကျေးရွာမီးလောင်ခြင်းကြောင့် ဖားကန့်မြို့နယ် အခြား ကျေးရွာများတွင် လာရောက်တိမ်းရှောင်နေသူများဖြစ်ပြီး၊ လက်ရှိတွင် ရာသီတုပ်ကွေး၊ ငှက်ဖျား၊ အကိုက်အခဲ၊ ဝမ်းပျက်ဝမ်းလျှော၊ နှာစေးချောင်းဆိုးနှင့် ပန်းနာရင်ကြပ်ရောဂါများကို ခံစားနေကြရပြီး ဆေးဝါး လိုအပ်မှုများ ရှိနေပါသည်။

ဇန်နဝါရီ ၁၀ ရက်တွင် ဝိုင်းမော်မြို့နယ် ဝူယန်ကျေးရွာတွင် လက်နက်ကြီး ပေါက်ကွဲပြီး ကလေးငယ် တစ်ဦးသေဆုံးကာ ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဖြစ်စဉ်မှာ ၂၀၂၂ ခုနှစ်က ဝူယန်ကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)တို့ တိုက်ပွဲဖြစ်ပွားခဲ့စဉ် လက်နက်ကြီးအချို့မပေါက်ကွဲဘဲကျန်နေရာမှ ဒေသခံကလေးငယ်များက တွေ့ရှိပြီး ရယူကစားရာမှ လက်နက်ကြီး ပေါက်ကွဲခြင်းဖြစ်ပါသည်။ သေဆုံးသူမှာ အသက် ၇ နှစ်အရွယ် မောင်ခေါ်ဆီဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ အသက် ၈ နှစ်အရွယ် မောင်အာလူးဒီနှင့် မောင်ဗျာဆာတို့ဖြစ်ကြပါသည်။


ဇန်နဝါရီလ ၆ ရက်နေ့က ဆွမ်ပရာဘွမ်မြို့နယ်၊ မဆွမ်ဇွပ်တောင်အနီး စစ်ကောင်စီတပ်နှင့် ကချင် လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၇ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဖားကန့်မြို့နယ်၊ မှော်ဝမ်းရပ်ကွက်ရှိ စစ်ကောင်စီလက်အောက်ခံ အထွေထွေအုပ်ချုပ်ရေးရုံးကို KIA နှင့် PDF အဖွဲ့တို့က လက်နက်ကြီး ၄၀ မမ ၈ လုံးဖြင့် သွားရောက်ပစ်ခတ်ခဲ့သောကြောင့် ရဲတစ်ဦးသေဆုံးခဲ့သည်။ ဇန်နဝါရီလ ၁၀ ရက်နေ့က ဝိုင်းမော်မြို့နယ် ဝူယန်ရွာတွင် မပေါက်ကွဲသေးသည့် လက်နက်ကြီးကျည်ကိုင်ပြီး ကစားရာမှ ပေါက်ကွဲမှုဖြစ်ပြီး ကလေးငယ်တစ်ဦးသေဆုံးခဲ့သည်။




# မကွေးတိုင်း

ပွင့်ဖြူမြို့နယ် ရှားတောကျေးရွာသို့ စစ်ကောင်စီတပ်သားများ ဝင်ရောက်လာပြီး NLDလွှတ်တော်ကိုယ်စားလှယ် ၂ ဦးအပါအဝင် ၎င်းတို့၏ မိသားစုဝင် ၁၀ ဦးအား စစ်ကောင်စီတပ်က ဇန်နဝါရီ ၈ ရက်တွင် ဖမ်းဆီးခဲ့ပြီး၊ ၎င်းတို့အနက် တစ်ဦးမှာ စစ်ကြောရေးတွင် ရိုက်နှက်စစ်ဆေးခံရခြင်းကြောင့် သေဆုံးခဲ့ပါသည်။ ဖမ်းဆီးခံရသူများမှာ ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းတို့မိသားစုနှင့် ပွင့်ဖြူမြို့နယ်သို့ လာရောက်တိမ်းရှောင်နေသည့် မင်းဘူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းဝင်းတို့မိသားစုများဖြစ်ကြပါသည်။

ဇန်နဝါရီ ၉ ရက်တွင် စစ်ကောင်စီတပ်သားများသည် ထီးလင်းမြို့နယ်၊ ထလင်းရွာမှ အရပ်သား ၂ ဦးဖြစ်သော ကိုမျိုးကိုဦး (ခ) မှိုင်းဝေနှင့် ကိုအေးနိုင်တို့အား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)များဟု စွပ်စွဲကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး ထီးလင်းမြို့မရဲစခန်း စစ်ကြောရေးသို့ ပို့ဆောင်ခဲ့ပါသည်။ ထီးလင်းမြို့နယ်အတွင်း စစ်ကြောင်းထိုးနေသည့်စစ်ကောင်စီတပ်သည် ဒေသခံများအားလူသားဒိုင်းအဖြစ်သော်လည်းကောင်း PDF အဖြစ်သော်လည်းကောင်း စွပ်စွဲဖမ်းဆီးမှုများ လုပ်ဆောင်နေပါသည်။




ဇန်နဝါရီလ ၆ ရက်နေ့ မြိုင်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ပွင့်ဖြူ မြို့နယ်တွင် ဇန်နဝါရီ ၈ ရက်နေ့က NLD လွှတ်တော် ကိုယ်စားလှယ် ၂ ယောက် နှင့် မိသားစုဝင်များ အပါအဝင် ပြည်သူ ၁၀ ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးသွားပြီး စစ်ကြောရေးတွင် ရိုက်နှက်သဖြင့် အရပ်သားပြည်သူ ၁ ဦး သေဆုံးခဲ့ရပါသည်။




## မန္တလေးတိုင်း

စစ်ကောင်စီတပ်မှ ဖမ်းဆီးခေါ်ဆောင်သွားသည့် နွားထိုးကြီးမြို့နယ်၊ မင်းရွာစံပြကျေးရွာမှ ဒေသခံ ၃ ဦးအား ဇန်နဝါရီ ၄ ရက်တွင် ဝွေးပင်ရိုးလမ်းခွဲတွင် စွန့်ပစ်ထားသော ရုပ်အလောင်းများအဖြစ် ပြန်လည်တွေ့ရှိခဲ့ကြပါသည်။ သေဆုံးသွားသူများမှာ ဦးငြိမ်း(၄၅နှစ်)၊ ကိုဇော်ထွေး(၂၅နှစ်)နှင့် ကိုသောင်းတန်(၂၇နှစ်)တို့ဖြစ်ပြီး၊ အလောင်းများတွင် ညှဉ်းပန်းနှိပ်စက်ထားသည့် လက္ခဏာများကို တွေ့ရှိရကြောင်း သိရပါသည်။

ငါန်းဇွန်မြို့နယ်၊ သံဘိုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် ဇနီးဖြစ်သူ ဒေါ်အေးမြတို့သည် ဇန်နဝါရီ ၅ ရက်တွင် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ပါသည်။ အဆိုပါ အုပ်ချုပ်ရေးမှူးသည် နာမည်ဆိုးဖြင့်ကျော်ကြားနေသူဖြစ်ပြီး၊ ပျူစောထီးအဖွဲ့ ဖွဲ့စည်းရန်ကြိုးပမ်းနေခြင်းနှင့် ၎င်း၏ တိုင်ကြားမှုများကြောင့် ရွာသားများ ဖမ်းဆီးခံထားရကြောင်းတို့ကြောင့် ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း လုပ်ဆောင်ခဲ့သည့် ဒေသခံ PDF အဖွဲ့များမှ ထုတ်ပြန်ခဲ့ပါသည်။

ဇန်နဝါရီလ ၅ ရက်နေ့က ငါန်းဇွန်မြို့နယ်၊ သံဘို ကျေးရွာ အုပ်ချုပ်ရေးမှူးဦးစိုးနိုင်နှင့်ဇနီးဖြစ်သူဒေါ်အေးမြတို့ကိုပြည်သူ့ကာကွယ်ရေးတပ်မှသေနတ်ဖြင့်ပစ်ခတ်ရှင်းလင်းခဲ့သည်။







# ကရင်ပြည်နယ်




စစ်ကောင်စီတပ်သည် ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံရှိ လူနာနှင့်ကျန်းမာရေးဝန်ထမ်းများအား ဆေးရုံမှ ဆင်းခိုင်းပြီး ဆေးရုံအတွင်း တပ်စွဲနေထိုင်နေခြင်းကြောင့် ဒေသခံများ ဆေးကုသခွင့်မရဘဲဖြစ်နေပါသည်။ ဇန်နဝါရီ ၅ ရက်တွင် စစ်ကောင်စီတပ်သားများ ဆေးရုံအတွင်း ဝင်ရောက်ခဲ့ကာ ဒါဇင်နှင့်ချီသော လူနာနှင့်ကျန်းမာရေးဝန်ထမ်းများကို ညတွင်းချင်း ဆေးရုံမှ ဆင်းခိုင်းခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိတွင် အဆိုပါမြို့နယ်အတွင်း စစ်ကောင်စီတပ်နှင့် ကရင် အမျိုးသား အစည်းအရုံး (KNU) တို့အကြား တိုက်ပွဲဖြစ်ပွားနေခြင်းပြီး၊ အထိနာသော စစ်ကောင်စီတပ်သည် ကြာအင်းဆိပ်ကြီး ဆေးရုံကို တပ်စွဲထားသည့်အပြင် တောင်ကလေး ကုတင်၁၀၀ စစ်ဆေးရုံတွင်လည်း အရပ်သားများကို ဆေးကုသခွင့်မပြုဘဲ ဖိနှိပ်ထားပါသည်။

ဇန်နဝါရီ ၇ရက်တွင် ကရင်အမျိုးသားအစည်းအရုံး–KNU မူတြော်ခရိုင်၊ ဒွဲလိုးမြို့နယ်၊ မဲသူကျေးရွာအုပ်စု၊ လဲထူးဖို ဒေသတွင် စစ်ကောင်စီတပ်မှ တိုက်လေယာဉ်ဖြင့် ဝင်ရောက်ပုံးကြဲ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ ဒေသခံ အရပ်သား ၆ ဦး သေဆုံးခဲ့ပါသည်။ စစ်ကောင်စီတပ်သည်တိုက်လေယာဉ်ရစင်း အသုံးပြုပြီး လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး၊ လူနေအိမ်ပေါ်သို့ ကျရောက်ကာ အမျိုးသမီးများအပါအဝင် သေဆုံးခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ပုံးကြဲတိုက်ခိုက်မှုကြောင့် ဆေးခန်းတစ်ခုနှင့်အခြားအဆောက်အဦးရ ခုလည်း ပျက်စီးခဲ့ပါသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၀၀ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁၂ ဦး ကျဆုံးခဲ့သည်။ အဆိုပါ ကြာအင်းဆိပ်ကြီးတိုက်ပွဲတွင် စစ်ကောင်စီတပ်က လေကြောင်းဖြင့် နေ့စဉ်လာရောက်ပုံးကြဲ တိုက်ခိုက်သည့်အတွက် ဒေသခံ ၄ ဦး သေဆုံး၍ ၃၀၀၀ ကျော် စစ်ဘေးတိမ်းရှောင်နေကြရသည်။ ထို့အပြင် ဖာပွန်မြို့နယ်၊ မဲသူကျေးရွာအုပ်စု၊ လဲထူးဖိုဒေသတွင် ဇန်နဝါရီလ ၇ ရက်နေ့က စစ်ကောင်စီတပ်မှ တိုက်လေယာဉ်ဖြင့် ဝင်ရောက်ပုံးကြဲ တိုက်ခိုက်မှုကြောင့် ဒေသခံ အရပ်သား ၆ဦး ထိခိုက်သေဆုံးခဲ့သည်။




# ပဲခူးတိုင်း




ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်း (အောင်မြင်) မြို့မှ ပျူစောထီး ခေါင်းဆောင်ဖြစ်သူ ဦးမင်းအောင်အား ဇန်နဝါရီ ၇ရက်တွင် ကျောက်တံခါးမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပ.က.ဖ)၊ ဗိုလ်ကျောက်ခဲ မြို့ပြပျောက်ကြားအဖွဲ့မှ သုတ်သင်ရှင်းလင်းခဲ့ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ထို့ပြင် အဆိုပါဖြစ်စဉ်အား လာရောက်စုံစမ်းသည့် စစ်ကောင်စီတပ်သားများကိုလည်း မိုင်းခွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပါသည်။

ဇန်နဝါရီ ၇ ရက်တွင်လည်း ကျောက်ကြီးမြို့နယ်၊ သဲကုန်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာကြားရှိ နတ်သံကွင်း– ကျောက်ကြီး ကားလမ်းမပေါ်တွင် စစ်ကောင်စီယဉ်တန်းအား ထောင်ထားသော မိုင်းသည် ရှင်းလင်းစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၃ ဦးသေဆုံးပြီး ၆ ဦးပြင်းထန်ဒဏ်ရာရရှိခဲ့ပါသည်။

ဇန်နဝါရီလ ၇ ရက်နေ့က ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်း (အောင်မြင်) မြို့တွင် ပျူစောထီးခေါင်းဆောင် ကိုမင်းအောင်ကို ပြည်သူ့ကာကွယ်ရေးတပ်မှ သေနတ်ဖြင့် ပစ်ခတ်ရှင်းလင်းခဲ့သည်။ ထို့အပြင် ကျောက်ကြီးမြို့နယ်၊ သဲကုန်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာကြား ကားလမ်းမပေါ်တွင် စစ်ကောင်စီယာဉ်တန်းအား တိုက်ခိုက်ရန် ထောင်ထားသောမိုင်းအား စစ်ကောင်စီတပ်ဖွဲ့ဝင်များက လာရောက်ရှင်းလင်းစဉ် ပေါက်ကွဲမှုဖြစ်ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ၃ ဦး သေဆုံးခဲ့သည်။




# ရှမ်း (သျှမ်း) ပြည်နယ်




စစ်ကောင်စီတပ်နှင့် အင်းလေး ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့( IPDF) တို့ဖြစ်ပွားခဲ့သည့် ညောင်ရွှေမြို့နယ် အင်းလေး အနောက်ဘက်ခြမ်း ဘုရားနီကျေးရွာနှင့် သန်းထောင်ရွာ အကြားတိုက်ပွဲတွင် IPDF တပ်ရင်း၁၀၀၇တပ်ရင်းမှူးအပါဝင် (၄) ဦး ကျဆုံးခဲ့ပြီး ရဲဘော် ၃ ဦး ဖမ်းဆီးခံခဲ့ရပါသည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် ဇန်နဝါရီ ၈ ရက်တွင် စစ်ကောင်စီတပ်မှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF နှင့် ကူညီထောက်ပံ့သူများ၊ သတင်းပေးပို့သူနှင့် PDF ခေါင်းဆောင်အပါအဝင်(၁၂)ဦးအား ဖမ်းဆီးခဲ့ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

ဇန်နဝါရီ ၈ ရက်တွင် စစ်ကောင်စီတပ်မှ လက်နက်ကြီး ဖြင့် ရမ်းသမ်းပစ်ခတ်သဖြင့် မိုးဗြဲမြို့ ပွဲကုန်း(၁)ရပ်ကွက်မှ အသက် (၆၆)နှစ်အရွယ် ဦးလျိုပန် ဆိုသူ လက်နက်ကြီး ထိမှန်ပြီး သေဆုံးခဲ့ပါသည်။ စစ်ကောင်စီတပ်သည် ဝါရီဆူး ပလိုင်ကျေးရွာတွင် တပ်စွဲနေထိုင်နေပြီး နှစ်ဖက်တိုက်ပွဲ ဖြစ်ပွားခြင်းမရှိဘဲ ပြည်သူလူထုနေထိုင်ရာနေရာများသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေခြင်းဖြစ်ပါသည်။

သျှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေ နှင့် ဖယ်ခုံမြို့နယ်များတွင် စစ်ကောင်စီတပ် နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၄ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၈ ရက်နေ့က စစ်ကောင်စီတပ် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်သည့် အတွက် မိုးဗြဲမြို့ ပွဲကုန်း (၁) ရပ်ကွက်တွင် နေထိုင်သည့် အမျိုးသား တစ်ဦး သေဆုံးခဲ့သည်။






# ကရင်နီ (ကယား) ပြည်နယ်

လွိုင်ကော်လေဆိပ်ကို ရှော့တိုက်ဒုန်းဖြင့် ပစ်ခတ်ခံခဲ့ ရပြီးနောက် လေဆိပ်တွင်ပြေးဆွဲနေသောမြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)နှင့် Air KBZ လေကြောင်းလိုင်းများအားလုံခြုံရေးအရဟုဆိုကာဇန်နဝါရီ၄ရက်မှ စတင် ကာ ပြေးဆွဲမှု ယာယီရပ်နားခဲ့ပါသည်။ ထို့ပြင် လွိုင်ကော် မြို့တွင်းတွင်လည်း စစ်ဆေးမှုများ တင်းကြပ်ခဲ့ပြီး၊ ဖမ်းဆီးမှုများလည်း ဆက်တိုက်ပြုလုပ်နေကြောင်းသိရပါသည်။

ကယားပြည်နယ်တွင်စစ်ကောင်စီတပ်နှင့်ကရင်နီတပ်မတော်(KA)နှင့် အခြားသော ပြည်သူ့ကာကွယ်ရေး တပ်များအကြား တိုက်ပွဲပေါင်း ၃၄၁ ကြိမ်ဖြစ်ပွားခဲ့ပြီး၊ စစ် ကောင်စီတပ်ဖွဲ့ ၇၉၇ ဦး သေဆုံးခဲ့ပြီး၊ ၉၃ ဦး ဒဏ်ရာရရှိခဲ့ကာ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် KNDF ဘက်မှလည်း တပ်ဖွဲ့ဝင် ၆၅ ဦး ကျဆုံးခဲ့ကြောင်း ဇန်နဝါရီ ၆ ရက်တွင် KNDFမှ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်၏ ရှေ့တန်းတပ်စခန်းအချို့ကို သိမ်းပိုက်နိုင်ခဲ့ပြီး စစ် ကောင်စီဘက်မှလည်း လေကြောင်းတိုက်ခိုက်မှု စုစုပေါင်း အကြိမ်ရေ ၁၅၀ ကျော်ပြုလုပ်ခဲ့ကြောင်း၊ လေကြောင်းတိုက်ခိုက်မှုကြောင့်အရပ်သားသေဆုံးသူ ၁၃ ဦး၊ ဒဏ်ရာရရှိသူ ၆၄ ဦး၊ နေအိမ် ၆၇ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၄ လုံး၊ စေတီတစ်ဆူ ထိခိုက်ပျက်စီးခဲ့ကြောင်း ဖော်ပြထားပါသည်။




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း


- 0 - 0
- 0 - 1
- 1 - 2

# တနင်္သာရီတိုင်း


ထားဝယ်မြို့နယ်၊ ဝကုန်းရွာအတွင်း ဇန်နဝါရီ ၈ ရက်က စစ်ကောင်စီတပ်သားများ ဝင်ရောက်မီးရှို့ခဲ့ခြင်းကြောင့် နေအိမ် ၁၅ လုံးမီးလောင်ပျက်စီးခဲ့ပြီး ဒေသခံ ၄၀၀ ဝန်းကျင်ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရပါသည်။

ဇန်နဝါရီ ၄ ရက်တွင် မြိတ်အကျဉ်းထောင်က လွတ်မြောက်လာသည့် မြိတ်ဆေးရုံမှ လက်ထောက်ဆရာဝန် ကိုမင်းထက်ပိုင်အား စစ်ကောင်စီမှ နောက်အမှုထပ်ကပ်ကာ ပြန်လည်ဖမ်းဆီးခဲ့ပါသည်။ ယင်းနေ့တွင် မြိတ်အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား ၂၀ နီးပါး၊ အကျဉ်းသူ ၁၁ဦးတို့ အပါအဝင် စုစုပေါင်းအကျဉ်းသား ၈၂ဦးလွတ်မြောက်ခဲ့ပါသည်။

လောင်းလုံ၊ ဘုတ်ပြင်း နှင့် ထားဝယ်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၉ ရက်နေ့ လောင်းလုံးမြို့နယ်၊ ကမြောကင်းကျေးရွာရှိ မူလတန်းကျောင်းအနီးတွင် မဲစာရင်း ကောက်ယူသည့်အဖွဲ့ကို လုံခြုံရေးယူပေးသည့် စစ်ကောင်စီတပ်သား ပစ်သတ်ခံလိုက်ရသည်။ ဇန်နဝါရီလ ၈ ရက်နေ့က ထားဝယ်မြို့နယ်၊ ဝကုန်းရွာကို စစ်ကောင်စီတပ်မှမီးရှို့ဖျက်ဆီးမှုများကြောင့်ဒေသခံ၄၀၀ကျော် ဘေးလွတ်ရာကို ထွက်ပြေး တိမ်းရှောင်နေရသည်။










# မွန်ပြည်နယ်

ကျိုက်ထိုမြို့နယ်၊ သုံးခွကျေးရွာတွင် ဇန်နဝါရီ ၇ရက်က စစ်ကောင်စီတပ်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ရမ်းသမ်းပစ်ခတ်သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲခြင်းကြောင့် ဒေသခံ မိသားစုဝင် ၆ ဦး ဒဏ်ရာရရှိပြီး တစ်ဦး သေဆုံးခဲ့ပါသည်။ ထို့ပြင် ဇန်နဝါရီ ၆ ရက်ကလည်း လှည်းလမ်းကူး ကျေးရွာအတွင်း စစ်ကောင်စီတပ် လက်နက်ကြီး ကျရောက်ပေါက်ကွဲခြင်းကြောင့်ဒေသခံ ၂ဦးဒဏ်ရာရရှိခဲ့ပါသည်။

ကျိုက်မရောမြို့နယ်တွင်လည်း စစ်ကောင်စီတပ်က အကြောင်းမဲ့လက်နက်ကြီးဖြင့် အဆက်မပြတ် ပစ်ခတ်နေခြင်းကြောင့် ချောင်းနှစ်ခွ၊ သရက်ကုန်းနှင့် ရေပူကော့စပ် ကျေးရွာများမှ ဒေသခံ ၁၀၀၀ခန့်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

ကျိုက်ထို နှင့် ဘီးလင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၄ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ရေးမြို့နယ်၊ လမိုင်းမြို့မှာ ဇန်နဝါရီလ ၄ ရက် နေ့က စစ်ကောင်စီလက်အောက်ခံ ရဲ သတင်းတပ်ဖွဲ့ (SB) ရဲအုပ် ညီညီဝင်းကို ပြည်သူ့ကာကွယ်ရေးတပ်မှ သေနတ်ဖြင့် ပစ်ခတ်ရှင်းလင်းခဲ့ သည်။ ဇန်နဝါရီလ ၇ရက်နေ့ကစစ်ကောင်စီတပ်ပစ်ခတ်လိုက်သည့်လက်နက်ကြီးကျည် ကျိုက်ထိုမြို့နယ်၊ သုံးခွကျေးရွာတွင် ကျရောက်ပေါက်ကွဲခဲ့တာကြောင့် ဒေသခံ မိသားစုဝင် ၆ ဦး ဒဏ်ရာရရှိပြီး တစ်ဦး သေဆုံးခဲ့ သည်။ ထို့အပြင် ကျိုက်မရောမြို့နယ်ထဲမှာ စစ်ကောင်စီတပ်က တိုက်ပွဲမရှိဘဲ လက်နက်ကြီးအဆက်မပြတ် ပစ်ခတ်နေတာကြောင့် ချောင်းနှစ်ခွ၊ သရက်ကုန်း နှင့် ရေပူကော့စပ်ကျေးရွာမှ ဒေသခံ ၁၀၀၀ ကျော် ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေရသည်။






# ဧရာဝတီတိုင်း

စစ်ကောင်စီတပ်က သေဒဏ်ပေးထားသော မြန်အောင်မြို့မှ CDM ကျောင်းဆရာတစ်ဦးအတွက် ပုသိမ်အကျဉ်းထောင်တွင် ကြိုးစင်တည်ဆောက်ခြင်းနှင့်ပတ်သက်ပြီး ဆန္ဒထုတ်ဖော်ခဲ့ကြသည့် နိုင်ငံရေးအကျဉ်းသားများအား ပုသိမ်အကျဉ်းထောင်ဝန်ထမ်းများမှ သေလုမျောပါးဖြစ်သည်အထိ ရိုက်နှက်ပစ်ခတ်မှုကြောင့် နိုင်ငံရေး အကျဉ်းသားတစ်ဦး သေဆုံးခဲ့ပြီး အကျဉ်းသား ၄ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပါသည်။ ဇန်နဝါရီ ၅ ရက် ညတွင်ဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်စဉ်ကြောင့် အသက် ၃၃ နှစ်အရွယ် ကိုဝေယံဖြိုးဆိုသူ သေဆုံးခဲ့ပြီး၊ ဒဏ်ရာရရှိသူများလည်း ပုသိမ်ဆေးရုံတွင် အရေးပေါ်ဆေးကုသမှု ခံယူနေကြရပါသည်။ ထို့ပြင် ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခဲ့သော အကျဉ်းသားများထဲမှ ကိုဝင်းမင်းထက်(ခ)မဲကြီးဆိုသူ ပျောက်ဆုံးနေပြီး ကျန် ၇ ဦးကိုလည်း ဇန်နဝါရီ ၇ ရက်တွင် တိုက်ပိတ်ထားခဲ့ပါသည်။

ဇန်နဝါရီ ၄ ရက်တွင် ကျောင်းကုန်းမြို့နယ် အမျိုးသား ဒီမို ကရေစီအဖွဲ့ချုပ် (NLD) ပါတီ ဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှဝင်းအပါအဝင် ပါတီဝင်များနှင့် ပါတီထောက်ခံသူ စုစုပေါင်း ၁၃ ဦးအား စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပါသည်။ ထို့ပြင် ဖမ်းဆီးခံရသူများအနက် ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲအတွင်း NLD ပါတီ၏ မဲဆွယ်စည်းရုံးရေးများတွင်လိုက်ပါကူညီခဲ့ဖူးသူများလည်း ပါဝင်ခဲ့ပါသည်။

ဇန်နဝါရီလ ပ ရက်နေ့က ပုသိမ်အကျဉ်းထောင်တွင် စစ်ကောင်စီတပ်များနှင့်ရဲများ၏ရိုက်နှက်မှုများကြောင့် နိုင်ငံရေးအကျဉ်းသားတစ်ဦးသေဆုံးခဲ့သည်။







# ရန်ကုန်တိုင်း

သုံးခွမြို့နယ်၊ ကတုံးပေါ်နယ်မြေရဲစခန်းအား ဇန်နဝါရီလ ၈ ရက်က မြို့ပြပြောက်ကျားအဖွဲ့မှ ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ပြီး၊ စစ်ကောင်စီတပ်ဖွဲ့များနှင့် အပြန်အလှန်ပစ်ခတ်မှုများရှိခဲ့ပါသည်။ ယင်းတိုက်ခိုက်မှုသည် နန်းထိုက်အောင် စစ်ဆင်ရေး၏ တစ်စိတ်တပိုင်းဖြစ်ပြီး၊ ရန်ကုန် ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ) တောင်ပိုင်းခရိုင် ဇုံ(၂) Fire Dragon တပ်ခွဲက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်း တိုက်ပွဲတွင် စစ်ကောင်စီတပ်လက်အောက်ခံ ရဲတပ်ဖွဲ့ဝင် ၃ ဦး သေဆုံးခဲ့ပြီး၊ G 3 သေနတ် နှစ်လက် ရရှိခဲ့ကာ စခန်းကိုလည်း မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရပါသည်။

ဇန်နဝါရီ ၁၀ ရက်တွင် စစ်ကောင်စီတပ်က ဖမ်းဆီးထားသော ရိုဟင်ဂျာလူမျိုး ၁၄၇ ဦးထဲမှ အမျိုးသား ၄၅ ဦးနှင့် အမျိုးသမီး ၃၂ ဦးတို့အား သန်လျင်မြို့နယ်တရုံးမှ လဝကဥပဒေပုဒ်မ ၆(၃)ဖြင့် ထောင်ဒဏ် ၂ နှစ်စီ အမိန့်ချခဲ့ ပါသည်။ ၎င်းတို့အား စစ်ကောင်စီတပ်က မြောက်ဒဂုံ၊ သန်လျင်၊ မရမ်းကုန်းနှင့် ရွှေပြည်သာမြို့နယ်များအတွင်းမှ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။





ဇန်နဝါရီလ ၈ ရက်နေ့က သုံးခွမြို့နယ်၊ ကတုံးပေါ် နယ်မြေရဲစခန်းအား မြို့ပြပြောက်ကျားအဖွဲ့က ဝင်ရောက်စီးနင်းတိုက် ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် စစ်ကောင်စီ လက်အောက်ခံ ရဲတပ်ဖွဲ့ဝင် ၃ ဦးသေဆုံးခဲ့သည်။



# ရခိုင်ပြည်နယ်

စစ်တွေမြို့ပေါ်တွင်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP / ALA) မှစစ်ဦးစီးချုပ်နှင့်အရာရှိ ၂ ဦးတို့သည်ဇန်နဝါရီ ၄ ရက်တွင်သေနတ်ဖြင့်ပစ်ခတ်ခံရပြီးသေဆုံးခဲ့ပါသည်။ သေဆုံးသူများမှာ (ALP/ALA) မှစစ်ဦးစီးချုပ် ခိုင်စောမြ (၅၃) နှစ်၊ တပ်ရင်းမှူး ခိုင်ကျော်စိုး (၃၄) နှစ်နှင့် ဗိုလ်ကြီးအဆင့် ကျော်မင်းစိုး (ခ) ခိုင်သူရိန္ဒ (၃၁) နှစ်တို့ဖြစ်ကြောင်း၊ ၎င်းတို့သည် စစ်ကောင်စီတပ်မှ ဦးစီးကျင်းပသော လွတ်လပ်ရေးနေ့ အခမ်းအနားတက်ရောက်ပြီးအပြန်တွင် ပစ်ခတ်ခံရခြင်းဖြစ်ပြီး၊ မည်သည့်အဖွဲ့အစည်းကပြုလုပ်ခဲ့သည်ကိုမသိရှိရကြောင်းသိရပါသည်။


ဇန်နဝါရီ ၄ ရက်၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် စစ်ကောင်စီတပ်မှလွတ်ငြိမ်းခွင့်ပြုသူများထဲတွင်ရခိုင်ပြည်နယ်မှနိုင်ငံရေးအကျဉ်းသားတစ်ဦးမှ မပါဝင်ဘဲ အခြားအကျဉ်းသား ၁၁၇ ဦး လွတ်မြောက်ခဲ့ပါသည်။




မောင်တောမြို့နယ်မြောက်ပိုင်းရှိ နယ်ခြားစောင့်စစ်တပ်စခန်းတစ်ခု၌ နယ်ခြားစောင့် တပ်ဖွဲ့ဝင် အချင်းချင်း ကစားနေသည့် ဖဲဝိုင်းတစ်ခုတွင် ရန်ဖြစ်ရာမှ တပ်ကြပ်တစ်ဦးက ဖဲဝိုင်းအတွင်းသို့ လက်ပစ်ဗုံးကို ပစ်ထည့် လိုက်သဖြင့် စစ်ကောင်စီတပ်သား ၂ ဦးသေဆုံးခဲ့သည်။





# ချင်းပြည်နယ်




ထန်တလန်မြို့နယ် အိန္ဒိယ – မြန်မာနယ်စပ် အနီးတွင်တည်ရှိသော ချင်းအမျိုးသားတပ်ဦး CNF/CNA ဗဟိုဌာန ချုပ် ဝိတိုရိယစခန်းအား စစ်ကောင်စီတပ်မှ ဇန်နဝါရီ ၁၀ ရက်တွင် တိုက်လေယာဥ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ စစ်ကောင်စီတပ်မှ ဝိတိုရိယစခန်းအား တိုက်လေယာဥ်ဖြင့် ၅ ကြိမ်ထက်မနည်း ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ချင်းအမျိုးသား တပ်မတော် CNAမှ အမျိုးသမီးရဲဘော် ၂ဦးအပါအဝင် ရဲဘော် ၅ ဦးဖြစ်သည့် ဆလိုင်းဗန်ရှိပြန်၊ ဆလိုင်းဒုသင်၊ ဆလိုင်းကီလ်မန်၊ မိုင်ငွန်လှေပါရ်နှင့် မိုင်ရှေလဲန်ပါရ်တို့ ကျဆုံးခဲ့ကာ စစ်ကောင်စီတပ်၏ဗုံးများသည် အိန္ဒိယပိုက်နက် မီဇိုရမ်ပြည်နယ်ဘက်သို့လည်း ဗုံးကျရောက်ပေါက်ကွဲခဲ့ပါသည်။

ဇန်နဝါရီ ၉ ရက်တွင် စစ်ကောင်စီတပ်သည် ပလက်ဝမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်း၅ခုမှ စခန်းတစ်ခုလျှင် ၅ ဦးနှုန်းဖြင့် စစ်တပ်ရိက္ခာနှင့် ဆန်များကို သယ်ပို့ရန် ဖိအားပေးစေခိုင်းခဲ့ပါသည်။ စစ်တပ်ရိက္ခာသယ်ပို့ရသည့် နေရာများမှာ တိုက်ပွဲအပြင်းအထန်ဖြစ်ခဲ့သော နေရာများဖြစ်ပြီး မပေါက်ကွဲ သေးသော မြေမြှုပ်မိုင်းနှင့် အမြောက်ဆန်များရှိနေနိုင်ခြင်းကြောင့် ဒေသခံများအား အစမ့်ခေါ်ယူ စေခိုင်းခြင်းဖြစ်သည်ဟု သိရပါသည်။




ဇန်နဝါရီလ ၄ ရက်နေ့က မတူပီ–ပလက်ဝလမ်းမှာ အခြေစိုက်သည့် အကြမ်းဖက်စစ်ကောင်စီ ခြေမြန်တပ်ရင်း ခမရ ၃၀၄ဂိတ်ကိုချင်းဒေသကာကွယ်ရေးတပ်ဖွဲ့ကဝင်ရောက်ပစ်ခတ်ခဲ့တာကြောင့် စစ်ကောင်စီတပ်မှ ၁ဦး သေဆုံးခဲ့သည်။

# နိုင်ငံတကာ စာမျက်နှာ



မြန်မာ့အကျပ်အတည်းဖြေရှင်းရန် အာဆီယံ အထူးသံတမန်ရုံး ဖွင့်လှစ်ထားရှိပြီး၊ကိုယ်တိုင်ဦးဆောင်သွားမည်ဟုအာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူထားသော အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး ရက်နိုမာဆူဒီ (Retno Marsudi) က ပြောကြားခဲ့ပါသည်။ ထို့ပြင် အာဆီယံအထူးသံတမန်အဖြစ် တာဝန်ယူမည့်ကာလအတွင်း မြန်မာနိုင်ငံမှ သက်ဆိုင်သူအားလုံးနှင့် စေ့စပ်ဆွေးနွေးနိုင်ရန်ကြိုးစားသွားမည်ဖြစ်ပြီး နိုင်ငံရေးပြဿနာမှ မြန်မာနိုင်ငံအနေဖြင့် ထွက်ပေါက်ရအောင် အင်ဒိုနီးရှားအနေဖြင့် တတ်နိုင်သမျှ အစွမ်းကုန်ကြိုးစားသွားမည် ဖြစ်ကြောင်း ကတိပေးခဲ့ပါသည်။

ဇန်နဝါရီ ၈ ရက်တွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် မလေးရှား ဝန်ကြီးချုပ် အင်္ဂွာဝါအီဘရာဟင်တို့သည် အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါမြို့တွင် တွေ့ဆုံခဲ့ကြပြီး မြန်မာ့ငြိမ်းချမ်းရေးအတွက် ချမှတ်ထားသော အာဆီယံအသင်းနှင့် ဘုံသဘောတူညီချက် ၅ ချက်ကို အကောင်အထည်ဖော်ရန် တိုက်တွန်းခဲ့ကြပါသည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဘုံသဘောတူညီချက် ၅ ရပ်အကောင်အထည်ဖော်ရေးသည် အရေးကြီးကြောင်းကို နှစ်နိုင်ငံလုံးအမြင်တူညီကြပြီး ၎င်းကို အကောင်အထည်ဖော်ဆောင်ဖို့လိုအပ်ကြောင်း တိုက်တွန်းခဲ့ကြခြင်းဖြစ်ပါသည်။

ဇန်နဝါရီ ၆ ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ ဂျလန်အိမ်ဘီ (Jalan Imbi) ရပ်ကွက်တွင် နေထိုင်သော မြန်မာနိုင်ငံသား ၅၄၄ဦး(ချင်းတိုင်းရင်းသား)အား မလေးရှား လူဝင်မှုကြီးကြပ်ရေး ဌာန တာဝန်ရှိသူများနှင့် ရဲများမှ ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း သိရပါသည်။ ဖမ်းဆီးခံရသူများတွင် အသက် တစ်နှစ်အရွယ်မှ ၆၈ နှစ်အထိပါဝင်ခဲ့ပြီး၊ ၎င်းတို့သည် သက်တမ်းကုန်ဆုံးသွားသော ခရီးသွားစာရွက်စာတမ်းများ၊ လူမှုရေးဆိုင်ရာဖြတ်သန်းခွင့်များကို အလွဲသုံးစားလုပ်ခြင်းများ၊ ခရီးသွားစာရွက်စာတမ်းမရှိခြင်း စသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများကြောင့် ဖမ်းဆီးခြင်းဖြစ်သည်ဟု မလေးရှား လူဝင်မှုကြီးကြပ်ရေး ဌာန (JIM)မှ ထုတ်ပြန်ခဲ့ပါသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာရုံးမှ မြန်မာနိုင်ငံတဝန်း အကျဉ်းထောင်များတွင် ဖမ်းဆီးအကျဉ်းချခံထားရသော နိုင်ငံရေး အကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးရန် စစ်ကောင်စီတပ်ထံ တောင်းဆိုခဲ့ပါသည်။ စစ်ကောင်စီတပ်အနေဖြင့် ပြည်သူလူထုကို ဖမ်းဆီးချုပ်နှောင်ခြင်းမပြုဘဲ နိုင်ငံရေးတွင် လွတ်လပ်စွာပါဝင်ခွင့်ပေးမှသာလျှင် မြန်မာ့ပဋိပက္ခပြေလည်ရေးကို အောင်မြင်စွာ ဆောင်

> နေပြည်တော်အချုပ်ထောင်မှာ အကျဉ်းချခံထားရသည့် အသက် ၇၈ နှစ်အရွယ် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်ပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူးတားရက်စ်က ထပ်မံ တောင်းဆိုခဲ့ပြီး...

ရှက်နိုင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

နေပြည်တော်အချုပ်ထောင်မှာ အကျဉ်းချခံထားရသည့် အသက် ၇၈ နှစ်အရွယ် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်ပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူးတားရက်စ်က ထပ်မံ တောင်းဆိုခဲ့ပြီး၊ စစ်ကောင်စီတပ်က ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုစွပ်စွဲချက်ဖြင့် စုစုပေါင်း ထောင်ဒဏ် ၃၃ နှစ် ရှိပြီဖြစ်ပါသည်။

ဇန်နဝါရီ ၄ ရက်၊ မြန်မာနိုင်ငံ၏ ၇၅ နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အများပါဝင်နိုင်သည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ထူထောင်လိုကြသည့် မြန်မာပြည်သူများနှင့်အတူ အမေရိနိုင်ငံသည် တသားတည်းရပ်တည်သွားမည်ဖြစ်ကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းအာဏာပိုင်မှ စစ်ဆေးမှုတင်းကြပ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၇ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် ရွှေ့ပြောင်း အလုပ်သမားများကို ထိုင်းအာဏာပိုင်များ တားမြစ်ထားသည့် အလုပ်များကို လုပ်ကိုင်ခြင်းရှိ၊ မရှိကို စစ်ဆေးသွားမည်ဖြစ်ပြီး တွေ့ရှိပါက ပြင်းထန်သည့် ပြစ်ဒဏ်ချမှတ်သွားမည် ဖြစ်ကြောင်းဖော်ပြထားပါသည်။ ယင်းနောက် ထိုင်း–မြန်မာ နယ်စပ်၊ တာ့ခ်ခရိုင်၊ မဲဆောက်မြို့နယ်တွင် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး သင်္ချိုင်းကုန်းအနီးကြံပင်များအကြားတွင်ပုန်းအောင်းနေကြသည့် မြန်မာနှင့် ရိုဟင်ဂျာ လူမျိုး ၇၁ ဦးအား ဖမ်းဆီးခဲ့ကြောင်းသိရပါသည်။ ဖမ်းဆီးခံရသူများတွင် အမျိုးသမီးများလည်းပါဝင်ခဲ့ပြီး၊ အသက် ၁၈ နှစ်မှ ၃၀ နှစ်အကြား လူငယ်များဖြစ်ကာ အသက် ၅ နှင့် ၁၀ နှစ်ကြား ကလေးများလည်း ပါဝင်ကြောင်းသိရပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review